# ကိတ္တိမသားသမီးမွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေ
## (၁၉၃၉ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၁၄)
## (မြန်မာနိုင်ငံ ဥပဒေအတွဲ (၁၁) မှကောက်နုတ်ဖော်ပြသည်)
## (၁-၄-၁၉၄၁)

၁။ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ အာဏာတည်သည့် နယ်မြေအတွင်း သက်ရောက်သည်။

၂။ ဤကိတ္တိမသားသမီးမွေးစားခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဗုဒ္ဓဘာသာဝင်များအတွက် သာအကျုံးဝင်သည်။

၃။ ဤဥပဒေကို ၁၉၄၁ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစတင်၍ အာဏာသက်ရောက်သည်။

၄။ ကိတ္တိမသား (သို့မဟုတ်) သမီးမွေးစားခြင်းသည် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ဗုဒ္ဓဘာသာဝင် များအတွက် အမွေဆက်ခံနိုင်ရန် တိကျစွာရည်ရွယ်ထားခြင်းဖြစ်ပါသည်။

၅။ ၁၉၄၁ ခုနှစ် ဧပြီလ (၁) ရက်နေ့ နောက်ပိုင်းမှစ၍ ကိတ္တိမသားသမီးမွေးစားခြင်းအား စာချုပ်ချုပ်ဆို မှတ်ပုံတင်ရမည်၊ ထိုသို့ မှတ်ပုံမတင်လျှင် ကိတ္တိမသား (သို့မဟုတ်) သမီးမွေးစားခြင်းသည် အမွေဆက်ခံရရှိနိုင်စေရန် မွေးစားခြင်းဖြစ်၍ ကိတ္တိမသား (သို့မဟုတ်) သမီး၏အမွေဆက်ခံခြင်းအတွက် မည်သည့်တရားရုံးတွင်မှ အငြင်းပွားမှုမရှိစေရ-

(၁) တရားဝင်မွေးစားစာချုပ်ချုပ်ဆိုရာတွင်

(က) မွေးစားခြင်းခံရသူသည် အသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ပါက ၎င်းကိုယ်တိုင် လက်မှတ်ရေး ထိုးချုပ်ဆိုရမည်။

(ခ) မွေးစားခြင်းခံရသူသည် အသက် (၁၈) နှစ်မပြည့်သေးသူဖြစ်ပါက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အုပ်ထိန်းသူမှ သဘောတူညီလက်မှတ်ရေးထိုးချုပ်ဆိုရမည်။

(၂) မွေးစားခြင်းစာချုပ်အတွက် အသိသက်သေ (၂) ဦးပါဝင်လက်မှတ်ရေးထိုးရမည်။

(၃) စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ အပိုဒ် ၅၁ (၁) အရ မွေးစားခြင်း စာချုပ်အားစာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာအုပ်အမှတ် (၄) တွင် မှတ်ပုံတင်ရေးသွင်းရမည်။

၆။ ၁၉၂၆ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေ ၂ ကို ဖျက်သိမ်းလိုက်သည်။